NEXUS RESPONSE MECHANISM

Funded by the European Union

# ဥရောပသမဂ္ဂ (EU) မြန်ကူရန်ပုံငွေအစီအစဉ် ကာလတိုးမြှင့်။ ကိုဗစ်ကာလ စီးပွားရေးဆုံးရှုံးမှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် အကျပ်အတည်းဆိုက်နေသည့် အထည်ချုပ်လုပ်သားများအတွက် ဥရောပသမဂ္ဂက ရန်ပုံငွေ နှစ်ဆတိုး။

***ထောက်ပံ့ငွေကို ယူရို ၁၀ သန်းအထိ နှစ်ဆတိုးမြှင့်၍ ဥရောပသမဂ္ဂသည် အထည်ချုပ်လုပ်ငန်းကဏ္ဍအတွင်းရှိ အများအားဖြင့် အလုပ်လက်မဲ့ဖြစ်နေသော အမျိုးသမီးရွှေ့ပြောင်းလုပ်သားပေါင်း သောင်းချီကို ဆက်လက်ကူညီလျက်ရှိသည်။ ထိုအစီအစဉ်ကို အစပျိုးခဲ့သော ၂၀၂၀ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ ယခုအချိန်ထိ လုပ်သား ၆၀,၀၀၀ ဦးကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။***

***"မြန်ကူရဲ့ ထောက်ပံ့ငွေရလို့ ဆေးခန်းမှာ ကိုယ်ဝန်ပြနိုင်ခဲ့ပါတယ်… စားဖို့လည်း ရတဲ့အပြင် အိမ်လခကိုလည်း ပေးနိုင်သွားလို့ နှင်ချမခံရတော့ဘူးပေါ့"*** ဟု အထည်ချုပ်စက်ရုံ အပ်ချုပ်သမ မချစ်သဲဝေက ပြောကြားခဲ့ပါသည်။ မချစ်သဲဝေသည် မြန်ကူစီမံကိန်းက ထောက်ပံ့ပေးခဲ့သော ကိုယ်ဝန်ဆောင် အလုပ်သမ ၈၀၀ ကျော်အနက်မှ တစ်ဦးဖြစ်ပါသည်။

ယမန်နှစ်တွင် ဥရောပသမဂ္ဂ (EU) မြန်ကူရန်ပုံငွေအစီအစဉ်သည် မြန်မာနိုင်ငံ၏ တိုင်းနှင့် ပြည်နယ်အစုံမှ အထည်ချုပ်စက်ရုံလုပ်သားဦးရေ ၆၀,၀၀၀ ကျော်ကို စုစုပေါင်းအားဖြင့် အကြိမ်ရေ ၁၀၈,၃၂၀ တိုင်အောင် ထောက်ပံ့ငွေထုတ်ပေးခဲ့ပါသည်။ ထောက်ပံ့ငွေရရှိသူများအနက် ၈၄ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြပြီး ကိုယ်ဝန်ဆောင်များနှင့် အလုပ်ထုတ်လျော်ကြေးငွေ အနည်းငယ်သာ ရရှိခဲ့သော သို့မဟုတ် လုံးလုံး မရခဲ့သော လုပ်သားများကို အထိရောက်ဆုံး ထောက်ပံ့ကူညီခဲ့သည်။ ငွေသားထောက်ပံ့မှု ၉၉.၉ ရာခိုင်နှုန်းကို မိုဘိုင်းငွေလွှဲပလက်ဖောင်း Wave Money ကို အသုံးပြု၍ အောင်မြင်စွာ ပေးဝေနိုင်ခဲ့သည်။ Wave Money သည် မြန်မာနိုင်ငံ မိုဘိုင်းဘဏ္ဍာရေးဝန်ဆောင်မှုနယ်ပယ်၌ ဦးဆောင်လျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်ပြီး မြန်ကူ၏ ကိုဗစ်တုံ့ပြန်ရေးကြိုးပမ်းမှုအား အားပေးထောက်ကူသောအားဖြင့် အခမဲ့ငွေလွှဲဝန်ဆောင်မှုပေးရန် သဘောတူထားပါသည်။

ဥရောပသမဂ္ဂ (EU) မြန်ကူရန်ပုံငွေအစီအစဉ်ကို ဇန်နဝါရီလ၊ ၂၀၂၁ ခုနှစ်မှ ဖေဖော်ဝါရီလ၊ ၂၀၂၂ ခုနှစ်အထိ တိုးချဲ့ဆောင်ရွက်ရန် လျာထားသည်။ ဝန်ထမ်းအင်အားလျှော့ချခံလိုက်ရသော စက်ရုံလုပ်သားများကို အဓိကထား၍ ဘဏ္ဍာရေးထောက်ပံ့ပေးရန် အသားပေးလုပ်ဆောင်ဆဲဖြစ်သော်ငြား အလုပ်လက်မဲ့ ကိုယ်ဝန်ဆောင် အလုပ်သမများနှင့် အသက် ၁၀ နှစ်အောက် ကလေးငယ်များရှိသော အလုပ်လက်မဲ့များအား ဦးစားပေး၍ ပိုမိုထောက်ပံ့ကူညီပေးရန်လည်း ဦးတည်လျက်ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများနှင့် စွမ်းရည်မြှင့်တင်ရေး သင်တန်းအစီအစဉ်များ ပြီးမြောက်သည်အထိ တက်ရောက်ရန် ဆန္ဒရှိသော လုပ်သားများကိုလည်း ထောက်ပံ့ကူညီသွားမည်ဖြစ်ပါသည်။ အာဟာရထောက်ပံ့ရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ဝန်ဆောင်မှုပေးနေခြင်းကိုလည်း

တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းတွင် ပါဝင်သော ဆရာဝန်များဖြင့် အမျိုးသမီး အယောက် ၂,၀၀၀ ကို ကိုယ်ဝန်ဆောင်အကြံပေးဝန်ဆောင်မှုနှင့် တိုက်ရိုက်အာဟာရထောက်ပံ့မှုတို့ ပေးရန် ရည်မှန်းထားသည်။

***"ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို ဖုန်းကနေတစ်ဆင့် ဆွေးနွေးအကြံပေးတာက တော်တော်အကူအညီဖြစ်တယ်။ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးတဲ့ ဝန်ဆောင်မှုတွေကို လွယ်လွယ်မရနိုင်တဲ့ ဒီလို ကိုဗစ်-၁၉ ကာလမျိုးမှာပေါ့"*** ဟု ဒေါက်တာခင်ခင်ကျော့က ပြောကြားခဲ့သည်။ ဒေါက်တာခင်ခင်ကျော့သည် စီမံကိန်း၌ ရာနှင့်ချီသော ကိုယ်ဝန်ဆောင်အလုပ်သမများအား ဖုန်းဖြင့် အာဟာရအကြံပေးဝန်ဆောင်မှု အကူအညီပေးနေသည့် ဆရာဝန်တစ်ဦးဖြစ်သည်။

ပေးအပ်သော ထောက်ပံ့ငွေမှာ ပမာဏအားဖြင့် ငွေကျပ် ၂၅,၀၀၀ မှ ၁၂၅,၀၀၀ အတွင်း ဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် ထောက်ပံ့ငွေရရှိသူတစ်ဦးလျှင် ရရှိသည့် ပျမ်းမျှပမာဏမှာ တစ်လလျှင် ငွေကျပ် ၇၅,၀၀၀ ဖြစ်သည်။ ထောက်ပံ့ငွေရရှိသူအချို့က ထိုငွေသည် ၂၀၂၀ ခုနှစ်၊ ဧပြီလတွင် ထုတ်ပြန်သတ်မှတ်ခဲ့သော ပထမဆုံး နိုင်ငံအနှံ့ အပြင်မထွက်ရအမိန့်ကာလ၊ ထို့နောက် စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ဒုတိယအကြိမ် ထုတ်ပြန်ခဲ့သော အပြင်မထွက်ရအမိန့်ကာလကဲ့သို့သော အဓိကအကျပ်အတည်းကာလများအတွင်း ရရှိခဲ့သည့် တစ်ခုတည်းသော ဝင်ငွေဖြစ်ကြောင်း ဆိုခဲ့ကြသည်။

***"မြန်ကူအနေနဲ့ ထိခိုက်လွယ်သူတွေဖြစ်တဲ့ ကိုယ်ဝန်ဆောင်အလုပ်သမတွေ၊ ကလေးငယ်တွေရှိနေတဲ့ အလုပ်သမားတွေနဲ့ ရွှေ့ပြောင်းလုပ်သားတွေကို အဓိကထားပြီး ဆက်လက်ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ဒါပေမဲ့ ပြန်လည်ထူထောင်ရေးကာလကို ရောက်လာတာနဲ့အညီ အလုပ်လက်မဲ့ဖြစ်နေသူတွေကို စွမ်းရည်မြှင့်တင်ရေးသင်တန်းတွေ ပြီးဆုံးတဲ့အထိတက်ရောက်နိုင်အောင်ရယ်၊ စက်ရုံတွေမှာ အလုပ်ပြန်သွင်းပေးဖို့ရယ် ကူညီပေးပြီး လုပ်ငန်းခွင်ပြန်ဝင်နိုင်တဲ့ လုပ်သားတွေပိုများလာအောင် ဖော်ဆောင်ဖို့ ရည်မှန်းထားပါတယ်"*** ဟု ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Ranieri Sabatucci က ပြောကြားခဲ့ပါသည်။

နောက်ခံအကြောင်းအရာ -

မြန်မာနိုင်ငံတွင် အကျပ်အတည်းအတွင်း၌ အလုပ်အကိုင်ဆုံးရှုံးခဲ့ရသူများဖြစ်သော၊ အမျိုးသမီးအများစုဖြစ်သော အထည်ချုပ်လုပ်သားများအပေါ်ကျရောက်နေသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ စီးပွားရေးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန်အတွက် မြန်ဆန်သော တုံ့ပြန်ရေးအစီအမံတစ်ခုအနေနှင့် ဧပြီလ၊ ၂၀၂၀ ခုနှစ်တွင် ဥရောပသမဂ္ဂက မြန်ကူကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဤပဏာမလုပ်ဆောင်ချက်ကို Nexus Response Mechanism နှင့် sequa gGmbH တို့က Wave Money နှင့်အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ Nexus Response Mechanism သည် ကုလသမဂ္ဂစီမံကိန်းများဆိုင်ရာ ဝန်ဆောင်မှုရုံး (UNOPS) က စီမံခန့်ခွဲ၍ ဥရောပသမဂ္ဂက ငွေကြေးထောက်ပံ့ပေးနေသော အစီအစဉ်တစ်ခုဖြစ်ပါသည်။

စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီလျက်ရှိသည့် ပြည်တွင်းနေ ဆက်စပ်ပါဝင်သူများနှင့် အဖွဲ့အစည်းများမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ

အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာ့စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ပြည်ကြီးခင်၊ Opportunities NOW နှင့် သုံးပန်လှတို့ ဖြစ်ပါသည်။

မြန်ကူ အရည်အချင်းပြည့်မီမှုဆိုင်ရာ စံသတ်မှတ်ချက်များကို ဤဝက်ဘ်ဆိုက်ပေါ်တွင် ထုတ်ပြန်ထားပါသည် - www.smartmyanmar.org

**အခြား မီဒီယာဆိုင်ရာ စုံစမ်းမေးမြန်းမှုများအတွက် -**

**စုမွန်သဲ၊ sumon@smartmyanmar.org**

+95 9970413400.